# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၄၃ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)

(၃၁-၁၀-၂၀၁၁)

**အချိန်** ၊၁၃း ၀၀။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၄၃ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၇၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၅.၇၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနဲ့ စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မြင်းခြံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် ဖြစ်ပါတယ်။ တပ်ကုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦးသည် နေမကောင်းဖြစ်နေပါသဖြင့် ၃၁-၁၀-၂၀၁၁ နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ် ခွင့်ပြုပါရန် ဦးမောင်ဦး၏ကိုယ်စား ကျွန်တော်မှ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုးနိုင်(မင်းတုန်းမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးသူသည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စရှိပါသဖြင့် ၃၁-၁၀-၂၀၁၁ ရက်နေ့အား ခွင့်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် ၎င်းဦးအေးသူကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးပြည့်မောင်(မတ္တရာမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မတ္တရာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြည့်မောင် ဖြစ်ပါတယ်။ မိုးကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေးဟာ ကိုယ်ရေးကိုယ်တာ များဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပါရန် ဦးဘဌေး၏ကိုယ်စား ကျွန်တော်မှ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်မြင့်သိန်း(ပေါင်းတည်မဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် သည် ၎င်းကိုယ်တိုင် ဆောင်ရွက်လုပ်ကိုင်ရမည့်ကိစ္စများရှိပါသဖြင့် ယနေ့ ၃၁-၁၀-၂၀၁၁ ရက်နေ့ တွင် အစည်းအဝေး မတက်ရောက်နိုင်ခြင်းကို ခွင့်ပြုပေးနိုင်ပါရန် ဦးဝင်းမြင့်ကိုယ်စား ပေါင်းတည် မဲဆန္ဒနယ်မှ ကျွန်တော် ဦးအောင်မြင့်သိန်းက ရိုသေလေးစားစွာ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးရဲထွဋ်ဦး(မိုးညိုမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနန်းဦးသည် မိသားစုကိစ္စ ဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့ ၃၁-၁၀-၂၀၁၁ ရက်နေ့ကျင်းပသော ပြည်သူ့လွှတ်တော် အစည်း အဝေးသို့ မတက်ရောက်နိုင်ခြင်းအား ခွင့်ပြုပေးပါရန် ဦးနန်းဦးကိုယ်စား နတ်တလင်းမဲဆန္ဒနယ်မှ ကျွန်တော် ဦးရဲထွဋ်ဦးမှ လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းသည် ၎င်း၏

သားဖြစ်သူမှာ ရန်ကုန်မြို့ ဗဟိုစည်ဆေးရုံ၌ တက်ရောက်ကုသနေရပါသဖြင့် အနီးကပ်ပြုစုနိုင်ရန် ဦးခင်မောင်ဝင်းသည် ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသည်ကို ဦးခင်မောင်ဝင်းကိုယ်စား မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ကျွန်တော် ဒေါက်တာသန်းဝင်းက ကိုယ်စား လေးစားစွာခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းဟာ ၎င်းကိုယ်တိုင်ဆောင်ရွက်ရန် ကိစ္စများရှိနေပါသဖြင့် ယနေ့ ၃၁-၁၀-၂၀၁၁ ရက်နေ့ကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် ရခိုင်ပြည်နယ်၊မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ထွန်းသာမှ လေးစားစွာ ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်သည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ယနေ့ ၃၁-၁၀-၂၀၁၁ ရက်နေ့အား ခွင့်တစ်ရက်အဖြစ် ခွင့်ပြုပေးပါရန် ဦးစိုးအောင်၏ကိုယ်စား လေးစားစွာဖြင့် ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာသည် ကိုယ်ရေးကိုယ်တာကိစ္စ ဆောင်ရွက်ရန်ရှိပါသဖြင့် ယနေ့အားခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ရသေ့တောင်မဲဆန္ဒနယ်မှ ကျွန်မ ဒေါ်ခင်စောဝေမှ ခွင့်ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဌေးလွင်(နမ့်စန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖရန်စစ္စကိုသည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စများရှိပါသဖြင့် ယနေ့ ၃၁-၁၀-၂၀၁၁ ရက်နေ့တစ်ရက်အား ခွင့်အဖြစ်

ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်၊ နမ့်စန်မဲဆန္ဒနယ်မှ ကျွန်တော် ဦးဌေးလွင်က ဦးဖရန်စစ္စကို၏ ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုင်းဘိုးအောင်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ရှမ်းပြည်နယ်၊ သီပေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်းဟာ အအေးမိဖျားနာနေပါသဖြင့် ခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးပါရန် ၎င်း၏ကိုယ်စား မူဆယ်မဲဆန္ဒနယ် က ကျွန်တော် ဦးစိုင်းဘိုးအောင် ကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုင်းအောင်လှ(နမ္မတူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ နမ္မတူမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်လှ ဖြစ်ပါတယ်။ရှမ်းပြည်နယ်မြောက်ပိုင်း၊သိန္နီမဲဆန္ဒနယ်၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင် သည် နေမကောင်းပါသဖြင့် ယနေ့နှင့် မနက်ဖြန် နှစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဦးစိုင်းဝင်းခိုင်ကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၂ ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း(ခေါ်)ဦးအင်ထုဖုန်ဆန်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအင်ဖုန်ဆန်း(ခေါ်)ဦးအင်ထုဖုန်ဆန်း(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဖိတ်ကြားထားတဲ့အထူးဧည့်သည်တော်များခင်ဗျား။ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်မှ ကျွန်တော် ဦးအင်ဖုန်ဆန်းအနေဖြင့် ပညာရေးနဲ့ပတ်သက်တဲ့မေးခွန်းကို လွှတ်တော်သို့ မေးမြန်းတင်ပြလိုပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)သို့ တက်ရောက်ရန်အတွက် မချမ်းဘောမြို့နယ်မှ တိုင်းရင်းသားလူငယ် ငါးဦးစေလွှတ်ရန် ပူတာအိုခရိုင်အုပ်ချုပ်ရေးမှူးမှ ညွှန်ကြားလာသဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် လူငယ်ငါးဦးကို ရွေးချယ်စေလွှတ်ခဲ့ပါတယ်။ အဆိုပါ ကျောင်းသားလူငယ်များအနက် နှစ်ဦးသည် ပြည်နယ်အဆင့်၌ အပယ်ခံရပြီး ကျန်သုံးဦးသည် မန္တလေးဒီဂရီကောလိပ်သို့ ရောက်ရှိပြီးမှ ကျောင်းတက်ခွင့်မရဘဲပြန်လာခဲ့ရပါတယ်။ ယင်းကျောင်းသားများသည် သတ်မှတ်ထားသောအရည်အချင်းပြည့်မီသူများဖြစ်ပြီး စိစစ်ရေးအဖွဲ့နဲ့ ကိုယ်တွေ့စစ်ဆေးခံရာ၌ အရွေးမခံရကြောင်း စုံစမ်းသိရှိရပါတယ်။ ထို့ကြောင့်မေးခွန်း(၁)ဝေးလံခက်ခဲသောနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်သို့ တက်ရောက်သင်ကြားခွင့်မရသည်မှာအဘယ်ကြောင့်နည်း။ မေးခွန်းနံပါတ်(၂)မြန်မာနိုင်ငံ၏မြောက်ဘက် နယ်စွန်နယ်ဖျားဒေသဖြစ်သော မချမ်းဘောမြို့နယ်၊ နောင်မွန်းမြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်များမှ လူငယ်များ အဆိုပါဒီဂရီကောလိပ်များသို့ တစ်ဦးတစ်ယောက်မျှ တက်ရောက်နိုင်ခြင်းမရှိသေးတဲ့အတွက် နောင်နှစ်များတွင်လည်း နယ်စပ်တိုင်းရင်းသားလူငယ်များ တက်ရောက်ပညာသင်ကြားနိုင်ရန် အခွင့်အလမ်းများရှိနိုင်ပါမည်လား သိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနဲ့ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း(ခေါ်) ဦးအင်ထုဖုန်ဆန်းရဲ့မေးခွန်းများကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသနဲ့

တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်တဲ့နေရာမှာ မိမိဒေသရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်နဲ့ စွမ်းစွမ်းတမံရေရှည်ဆောင်ရွက်သွားနိုင်မယ့် စွမ်းဦးရည်ပြည့်ဝတဲ့ တိုင်းရင်းသား အသိပညာရှင်တွေ၊ အတတ်ပညာရှင်တွေ ပြုစုပျိုးထောင်ပေးဖို့ရည်ရွယ်ချက်နဲ့ နယ်စပ်ရေးရာဝန်ကြီး ဌာနအောက်မှာ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်နှစ်ခုကို ကျွန်တော်တို့ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းသားရွေးချယ်မှု အစီအမံများကိုတော့ ကျွန်တော် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းဝေး တတိယနေ့မှာ အသေးစိတ်ရှင်းလင်း တင်ပြခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် အချိန်ကိုငဲ့ကွက်သောအားဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခြင်း မပြုလိုပါကြောင်း တင်ပြအပ်ပါတယ်။ ဒီ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်မှာ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်ကို တက်ရောက်လိုကြတဲ့ ဒီနယ်စပ်ဒေ အသီးသီးက ကျောင်းသားလူငယ်များကို ဖိတ်ခေါ်တဲ့နေရာမှာ စုစုပေါင်းကျောင်းသား ၈၀၂ ဦး လျှောက်ထားလာခဲ့ပါတယ်။ ဒီလိုလျှောက်ထားလာခဲ့ခြင်းနဲ့ ပတ်သတ်ပြီးတော့ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးတွေမှာ ပထမအဆင့်အနေနဲ့ တာဝန်ရှိသူတွေက လျှောက်ထားလာသူတွေကို တွေ့ဆုံပြီးတော့ဒီ ဒီဂရီကောလိပ်မှာ ကျောင်းသားများအနေနဲ့တက်ရောက်ရမယ်ဆိုရင် လိုက်နာရမယ့် ကျောင်းကနေချမှတ်ခဲ့တဲ့ စည်းကမ်းချက်တွေရှင်းလင်းပြသပြီးတော့ ဆက်လက်လျှောက်ထားလိုခြင်း ရှိ/မရှိ ကျွန်တော်တို့ သဘောထားဆန္ဒတောင်းဆိုခဲ့တဲ့ နေရာမှာတော့ ဒီရှေ့ကနှစ်ဦးအနက်က ၂၀၁ ဦး ကတော့သူ့တို့ရဲ့လျှောက်လွှာတွေကို ပြန်လည်ရုပ်သိမ်းသွားပြီးတော့ အားလုံး ၆၀၁ ဦးသာ အဆိုပြုချက် လက်ခံရရှိခဲ့တာ ဖြစ်ပါတယ်။ နောက်ဒုတိယအဆင့်အနေနဲ့ ဒုတိယဝန်ကြီးကနေပြီးတော့ ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့နဲ့ ကျန်တဲ့ကျောင်းသား ၆၀၁ ဦးကိုကျွန်တော်တို့ ဆက်လက်စစ်ဆေးခဲ့ရာမှာ ဒီအရည်အချင်းကိုက်ညီသူ စုစုပေါင်း ၅၁၃ ဦးသာကျွန်တော်တို့ရရှိခဲ့တာ ဖြစ်ပါတယ်။ အဲဒီ ၅၁၃ ဦးကိုလည်းကျွန်တော်တို့သတ်မှတ်ထားတဲ့ အမှတ်အနည်းအများအလိုက် ကျွန်တော်တို့ရွေးချယ်ခဲ့ရာမှာတော့ စုစုပေါင်းအားလုံး ၃၈၆ ဦးသာ ရွေးချယ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒီ ၃၈၆ ဦးမှာ ခုနကအမှတ်အနည်းအများလိုက် ရွေးချယ်ခြင်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အနေနဲ့ မည်သည့်ပြည်နယ်၊ မည်သည့်ဒေသကိုတော့ ဦးစားပေးခြင်းဆိုပြီးတော့မရှိဘဲနဲ့ ကျောသား ရင်သားမခွဲခြားဘဲ ရွေးချယ်ခဲ့ခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်ပြခဲ့တဲ့ ကျောင်းသားငါးဦးအနက် နှစ်ဦးကတော့ ဒီတိုင်းဒေသကြီး/ပြည်နယ်အဆင့်မှာပင်လျှင် မိမိသဘော ဆန္ဒအလျှောက် ဝင်ရောက်ရွေးချယ်ခံခြင်းမပြုလိုကြောင်း နုတ်ထွက်သွားခြင်းဖြစ်ပါတယ်။ ကျန်တဲ့

သုံးဦးကတော့ အရံအဆင့်ထိရွေးချယ်တဲ့နေရာမှာ ပါဝင်လာခဲ့ပေမယ့် အမှတ်အနည်းအများအလိုက် ရွေးချယ်ရာမှာ ဇကာတင် ၃၈၆ ဦးထဲမှ အမှတ်နည်းတဲ့အတွက် ပါဝင်ခြင်းမရှိကြောင်း တင်ပြလိုပါတယ်။ ဒါကြောင့် လာမယ့်နှစ်မှာတော့ သူကအရန်ရွေးချယ်ထားပြီး ဖြစ်တဲ့အတွက်ကြောင့် အသက်ကန့်သတ်ချက်နဲ့ အရည်အချင်းကန့်သတ်ချက်များ ပျက်ယွင်းမှုမရှိပါက လာမယ့်နှစ်မှာ ဦးစားပေးရွေးချယ်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ နောင်နှစ်များမှာလည်း ဒီအဆိုပါ ဒီဂရီကောလိပ်ကို နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ တက်ရောက်သင်ကြားနိုင်ဖို့ အခွင့်အလမ်း ရှိပါသလားဆိုတဲ့မေးခွန်း ပတ်သက်လို့ အထက်မှာရှင်းလင်းဖြေကြားချက်များဟာ ထင်သာမြင်သာရှိပြီးဖြစ်တဲ့အတွက်ကြောင့် သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းများနဲ့ ညီညွတ်မှုရှိပါက မည်သည့်ဒေသကမဆို ကျောင်းသားရင်သားခွဲခြားခြင်းမရှိကြောင်း၊ မရှိဘဲတက်ရောက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ နောက်ဆုံးအနေနဲ့ အခု ၂၀၁၁-၂၀၁၂ ခုဘဏ္ဍာရေးနှစ်မှာ တိုင်းရင်းသားလူငယ်များဒီဂရီကောလိပ် (ရန်ကုန် နဲ့ မန္တလေး)မှာ ကချင်ပြည်နယ်က တိုင်းရင်းသား ၁၁၉ ဦး တက်ရောက်နေတာဖြစ်ပါတယ်။ ကယားပြည်နယ်က ၈၉ ဦး တက်ရောက်နေတာဖြစ်ပါတယ်။ ကရင်ပြည်နယ်က ၈၆ ဦး တက်ရောက်နေပါတယ်။ ချင်းပြည်နယ်က ၁၅၀ တက်ရောက်နေပါတယ်။ မွန်ပြည်နယ်က ၈၇ ဦး တက်ရောက်နေပါတယ်။ ရခိုင်ပြည်နယ်က ၁၅၁ ဦး တက်ရောက်နေပါတယ်။ ရှမ်းပြည်နယ်က ၄၃၉ ဦး တက်ရောက်နေပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းက ၁၅၀ တက်ရောက်နေပါတယ်။ တနင်္သာရီတိုင်းဒေသအတွင်းက ၁၈ ဦးတက်ရောက်နေတဲ့အတွက်ကြောင့် အားလုံးပြည်နယ်နဲ့တိုင်းအားလုံးက မျှမျှတတ တက်ရောက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ⊞ဋ္ဌ**။ ။ ဦးစောသိန်းအောင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောသိန်းအောင်(လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ခညောင်းစေကြောင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ယခုလက်ရှိဖြစ်ပွားနေတဲ့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့ရှိ တိုက်ပွဲများအပေါ် အနာဂတ်နယ်စပ်ဒေသ၊ တည်ငြိမ်အေးချမ်းရေးအတွက် နယ်စပ်ဒေသဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေဖြင့် မည်သို့စီမံဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်း

အပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် လက်ရှိဖြစ်ပေါ်လျက်ရှိတဲ့ တိုက်ပွဲများကြောင့် ဒေသခံပြည်သူများအနေနဲ့ အိုးစွန့်အိမ်ခွာ စစ်ပြေးဒုက္ခသည်များအဖြစ် ရပ်ရွာဒေသကိုစွန့်ခွာပြီး များစွာဒုက္ခရောက်နေကြပါတယ်။ သူတို့အနေနဲ့လည်း ဒီလိုခါးသီးလှတဲ့ ဆင်းရဲဒုက္ခကနေလွတ်အောင်၊ လွတ်မြောက်လိုကြပါသည်။ သူတို့အနေနဲ့ ဒီလိုခါးသီးလှတဲ့ ဆင်းရဲဒုက္ခဒဏ်ကြောင့် ကျလာတဲ့မျက်ရည်၊ ငတ်မွတ်နေတဲ့ဒုက္ခ၊ ပူပင်နေတဲ့သောကတွေကို နိုင်ငံတော်က အမြန်ဆုံး အဆုံးသတ်ပေးဖို့ အချိန်တန်ပါပြီ။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးသည် ယခု ဖြစ်ပေါ်နေလျက်ရှိတဲ့ ဒေသဆိုင်ရာပဋိပက္ခမှာ များစွာအခြေခံကျပါတယ်လို့ယူဆပါတယ်။ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုမတည်ဆောက်နိုင်သေးသမျှ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်မှာမဟုတ်ပါ။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး မဖော်ဆောင်နိုင်သေးသမျှ ပြည်ထောင်စုမပြိုကွဲရေးကို စွမ်းဆောင်နိုင်မည်မဟုတ်ပါ။ ပြည်ထောင်စုမပြိုကွဲရေး လက်တွေ့မဆောင်ရွက်နိုင်သေးသမျှ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟာ များစွာစိုးရိမ်စရာရှိနေပါသေးတယ်။ သို့ပါ၍ လူမှုရေးဖက်တွင် လက်ရှိဖြစ်ပေါ်နေတဲ့ ပဋိပက္ခရဲ့အဓိကအကြောင်းရင်းသည် ယုံကြည်မှုကင်းမဲ့နေကြခြင်းဖြစ်ပါ၍ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုတည်ဆောက်နိုင်ပါလျှင် ပဋိပက္ခရဲ့အကြောင်းရင်းများ ကွယ်ပျောက်လျက် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်း၊ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်သက်ဝင်ချစ်ခင်လေးစားမှုရှိခြင်း၊ အပြန်အလှန်ရင်းနှီးချစ်ကြည်ခြင်းဟူသော မေတ္တာစိတ်ထားတွေ၊ မေတ္တာဓာတ်တွေနဲ့ နိုင်ငံအကျိုးကို အတူတကွသယ်ပိုးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအချိန်ကျရင် ကမ္ဘာမှာမြန်မာဟေ့လို့ တိုင်းရင်းရွှေစည်နာမည်ကြီးများအားလုံး ကြွေးကြော်နိုင်ပါပြီ။

လေးစားအပ်သော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ပဋိပက္ခအကြောင်းနှင့်ပတ်သက်၍လည်း ပဋိပက္ခဟူသည် အကြောင်းအမျိုးမျိုးနဲ့ နီးနွယ်ဆက်စပ်နေတဲ့ဖြစ်စဉ် ဖြစ်ရပ်တစ်ခုဖြစ်လေရာ လက်နက်ကိုင်ပဋိပက္ခကြောင့် ပြည်သူများနစ်နာဆုံးရှုံးရသလို လက်နက်မပါတဲ့လူမှုပဋိပက္ခကြောင့်လည်း ပြည်သူများနစ်နာဆုံးရှုံးရတာ များစွာရှိပါတယ်။ သာဓကပြအဖြစ်ဆောင်ပြရရင် နိုင်ငံတော်ရှိကျေးလက်ဒေသတချို့မှာ တောင်သူလယ်သမားတချို့ဟာ ဘိုးဘေးလက်ထက်ကဆင့်ကဲလုပ်ကိုင်လာခဲ့တဲ့လယ်မြေတွေအသိမ်းခံရပြီး လယ်ရှိဘဝကနေ လယ်မဲ့ဘဝကိုရောက်ရှိသွားကြပါတယ်။ ငွေကြေးတတ်နိုင်တဲ့ လုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များနှင့် တချို့သောဒေသဆိုင်ရာ

အာဏာပိုင်များရဲ့ နှစ်ရှည်သီးနှံစိုက်ပျိုးခြင်း၊ ငါးမွေးမြူခြင်း၊ စက်ရုံအလုပ်ရုံတည်ဆောက်ခြင်း၊ ဟိုတယ်တည်ဆောက်ခြင်း၊ တပ်လယ်ယာမြေအဖြစ် သိမ်းပစ်လိုက်ခြင်းတို့ကြောင့် လယ်ယာမြေ အသိမ်းခံ တောင်သူလယ်သမားများဟာ လယ်ယာဆုံး အလုပ်လက်မဲ့ဘဝအဖြစ်သို့ရောက်လို့ များစွာ ဆင်းရဲဒုက္ခရောက်နေကြပါတယ်။ အဲဒါကိုတော့ လက်နက်မဲ့ လူမှုပဋိပက္ခဖြစ်စဉ်တစ်ခုအဖြစ် အသိအမှတ် ပြုရမှာဖြစ်ပါတယ်။ ဒီဖြစ်စဉ်ဟာလည်း ငြိမ်းချမ်းရေးနဲ့အလှမ်းကွာဝေးစေတဲ့ အရေးကြီး ဖြစ်စဉ်တစ်ခုဖြစ်ပါကြောင်း။ လေးစားအပ်သောဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားများခင်ဗျား။ အနှစ်ချုပ်ရမယ်ဆိုရင် ပဋိပက္ခဟူသည် လက်နက်ကိုင်ပဋိပက္ခနဲ့ လက်နက်မပါတဲ့ လူမှုပဋိပက္ခ နှစ်မျိုးမှာ ဘယ်ပဋိပက္ခမှ ပြည်သူ့ကိုအကျိုးမပြုသလို ဆင်းရဲခြင်း၊ နစ်နာခြင်း၊ ဆုံးရှုံးခြင်း၊ ဒေါသ စိတ်တွေ၊ အာဃာတစိတ်တွေကို ဆိုးရွားစေပြီး ဆိုးကျိုးတွေလိုသာပေးစေပါတယ်။ လက်နက်ကိုင် ပဋိပက္ခတစ်ခုကို အောင်မြင်စွာဖြေရှင်းနိုင်ပြီးဖြစ်သော်လည်း ကျန်လူမှုပဋိပက္ခတစ်ခုကို မဖြေရှင်း နိုင်သေးလျှင် ပြည်သူတွေဘဝဟာ ပူပင်လျှင်လှိုင်းပေါ်မင်ဝေပြီး ဆင်းရဲတွင်းမှာ နစ်မွန်းနေကြမှာ ဖြစ်ပါတယ်။ သို့ပါ၍ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်ရှိ လက်ရှိဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများအပါအဝင် လက်ရှိဖြစ်ပေါ်နေတဲ့ လူမှုပဋိပက္ခများအပေါ် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် နယ်စပ်ဒေသဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ မည်သို့စီစဉ် ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိလိုပါကြောင်း မေးမြန်းရင်းနိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး(ပြည်ထောင်စုဝန်ကြီး၊နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ ကရင် ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်မေးမြန်းတဲ့ အနာဂတ်နယ်စပ်ဒေသ တည်ငြိမ်ဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့မေးခွန်းကို ကျွန်တော့်အနေနဲ့ တတ်နိုင်သမျှ ရှင်းလင်းအောင် ဖြေကြားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မေးခွန်းကတော့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှာ ဖြစ်ပွားနေတဲ့ တိုက်ပွဲများအပေါ် အနာဂတ်နယ်စပ်ဒေသ တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ မည်သို့ စီမံဆောင်ရွက်မယ်ဆိုတာကို သိရှိလိုတဲ့မေးခွန်းပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီမေးထားတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ ဖြစ်ပွားနေတဲ့တိုက်ပွဲများ အဆုံးသတ်ရေး၊ အနာဂတ်နယ်စပ်ဒေသတည်ငြိမ်ဖွံ့ဖြိုးရေးတို့၊ တိုးတက်ရေးတို့အတွက်ကတော့

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦး တစ်ယောက်တည်းနဲ့တော့ စီမံဆောင်ရွက်လို့ ရရှိနိုင်ခြင်းမရှိကြောင်း ရှေးဦးစွာ ရိုးသားစွာတင်ပြလိုပါတယ်။

အဲဒီတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၅ မှာဖော်ပြထားတဲ့ဖော်ပြချက်ကို ဖော်ပြခွင့်ပြုပါ။ ဒီမှာဖော်ပြထားတာတော့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်လို့ ဖော်ပြထားပါတယ်။ အလားတူပဲ ပုဒ်မ ၃၈၇ မှာ နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ရန် တာဝန်ရှိ သည်လိုဖော်ပြပါရှိပါတယ်။ အလားတူပဲ ပုဒ်မ ၃၈၈ မှာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏တာဝန်ဖြစ်သည်လို့ ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ နယ်စပ်ဒေသများရဲ့တည်ငြိမ်ရေး၊ လုံခြုံရေးနဲ့တရားဥပဒေစိုးမိုးရေးတို့ဟာ ယင်းဒေသရဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ များစွာဆက်စပ်တည်မှီလျက်ရှိသကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ဖို့အတွက်လည်း အေးချမ်းတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးဟာ မရှိမဖြစ်အဓိက အရေးကြီးတဲ့ လိုအပ်ချက်များပဲဖြစ်ပါတယ်။ ဒီအတွက်ကြောင့် တိုင်းရင်းသားအဖွဲ့အစည်းများဟာ လူမျိုးစွဲ၊ ဒေသစွဲစတဲ့ ကျဉ်းမြောင်းတဲ့အယူအဆတွေကိုစွန့်လွှတ်ပြီး တစ်ဦးနှင့်တစ်ဦး နားလည်မှု ရယူကာ ပွင့်လင်းစွာဆွေးနွေးတိုင်ပင်ပြီး ဒေသအကျိုး၊ နိုင်ငံ့အကျိုးကိုဆောင်ရွက်သွားကြမှာသာ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းမှန်ပေါ်မှာ ရောက်ရှိလာကြမှာဖြစ်ပါတယ်။ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန် အဟုန်နဲ့တိုးမြှင့်ဖော်ဆောင်နိုင်မှာလည်းဖြစ်ပါတယ်။

၁၉၈၉ ခုနှစ်ကနေစပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့တဲ့နေရာမှာ ဒီအားလုံး ၁၉၈၉ ခုနှစ်ကနေ ၂၀၁၁ ခုနှစ်အထိ ၂၂ နှစ်တာကာလအတွင်းမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ၁၄၄.၂ ဘီလီယမ် သုံးစွဲခဲ့ပါတယ်။ အလားတူပဲ ဝန်ကြီးဌာနအသီးသီးရဲ့ ရန်ပုံငွေ ၂၈၉.၉ ဘီလီယမ် သုံးစွဲခဲ့တဲ့အတွက် စုစုပေါင်း ၄၃၄.၁ ဘီလီယမ် သုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီအနက်မှာ ကချင်ပြည်နယ်မှာ ၅.၅ ဘီလီယမ်၊ ကရင်ပြည်နယ်မှာ ၉.၄ ဘီလီယမ်၊ ရှမ်းပြည်နယ်မှာ ၅၁.၄၇ ဘီလီယမ်နဲ့ စုစုပေါင်းငွေကျပ် ၆၆.၃၇ ဘီလီယမ် သုံးစွဲပြီးတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့တာတွေ့ရှိရမှာ ဖြစ်ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် တိုးတက်ဆောင်ရွက်နိုင်ဖို့အတွက်

၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှာ နယ်စပ်ဒေသနဲ့တိုင်းရင်းသား လူမျိုးများရဲ့ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကိုလည်း နိုင်ငံတော်သမ္မတမှဥက္ကဋ္ဌအဖြစ် ပါဝင်ဖွဲ့စည်းပြီး လုပ်ငန်းများဆောင်ရွက်နေလျက်ရှိပါတယ်။ ပြည်သူများမှရွေးချယ်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ် များဟာလည်း ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အသီးသီးမှာ နိုင်ငံ့အရေးအရာကိစ္စများကို ဒီမိုကရေစီနည်းအရ နည်းလမ်းတကျ တိုင်ပင်ဆွေးနွေးဆောင်ရွက်လျက်ရှိတာလည်း ဒါလွှတ်တော် ကိုယ်စားလှယ်များအသိပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့တော့ တိုင်းရင်းသားညီအစ်ကိုများ အချင်းချင်း လက်နက်ကိုင်နည်းလမ်းဖြင့် ဖြေရှင်းလိုတဲ့ သဘောထားအလျဉ်းမရှိဘဲ မှန်ကန်တဲ့ စေတနာ၊ မြော်မြင်တဲ့အသိ၊ နားလည်စာနာတဲ့စိတ်ထားများနဲ့ ထာဝရငြိမ်းချမ်းရေး တည်ဆောက် နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်လိုတဲ့ သဘောထားများကိုသာ ခံယူလက်ခံထားရှိပါတယ်။ အခြေခံဥပဒေနဲ့အညီ အသွင်ကူးပြောင်းနိုင်ခြင်း မပြုနိုင်သေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးကိုလည်း ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို ၁၈-၈-၂၀၁၁ ရက်နေ့က ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ကြေညာချက်အမှတ်(၁/၂၀၁၁)နဲ့ အောက်ပါအတိုင်း ထုတ်ပြန် ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါတယ်-

(က) နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းပြီး အေးချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ပူးပေါင်း ဆောင်ရွက်သွားရန် အထူးပင်လိုအပ်သည်ဟု ယုံကြည်ပါကြောင်း၊

(ခ) လက်နက်ကိုင်ပဋိပက္ခများ ဖြေရှင်းပြီး ငြိမ်းချမ်းရေးကိုဖော်ဆောင်လိုသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့် ပဏာမဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများတွင် ငြိမ်းချမ်းရေးဆွေးနွေးမည့် အဖွဲ့များဖွဲ့စည်းနေပြီ ဖြစ်ပါကြောင်း၊

(ဂ) ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမည့် အဖွဲ့များဖွဲ့စည်းပြီး သက်ဆိုင်ရာ ငြိမ်းချမ်းရေးဖော်ဆောင်မည့်အဖွဲ့အစည်း များနှင့် ဆွေးနွေးရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းစသဖြင့် ဖော်ပြ ပါရှိခဲ့ပြီး ဖြစ်ပါတယ်။

ဒီကမ်းလှမ်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ယခုအခါမှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဖြစ်တဲ့ ကချင်၊ ဝ ၊ ရှမ်း၊ ကရင်၊ မွန် အဖွဲ့များနှင့် ပြန်လည်သင့်မြတ်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပထမအဆင့်အနေနဲ့ ပြည်နယ်အဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့များနဲ့ ဆွေးနွေးပွဲများဆောင်ရွက်ပြီး နှစ်ဖက်အပစ်အခတ်ရပ်စဲရေး၊ နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် တစ်ဖက်ထိန်းသိမ်းထားသော နယ်မြေအတွင်းသို့ သွားလာလိုပါက ကြိုတင်ခွင့်ပြုချက်များရယူရေး၊ စစ်အင်အားတိုးချဲ့ခြင်းနှင့် စစ်ရေးလှုပ်ရှားမှုများ မပြုလုပ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ရေးစတဲ့ ပဏာမငြိမ်းချမ်းရေး သဘောတူညီချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နေကြပြီးလည်းဖြစ်ပါတယ်။ ပဏာမ သဘောတူညီချက်ရရှိပြီးတဲ့ တိုင်းရင်းသားအဖွဲ့များနှင့် ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရာ မှာလည်း ပြည်ထောင်စုအတွင်းမှ ခွဲထွက်ခြင်းမပြုရေး၊ နှစ်ဖက်ဆက်ဆံရေးရုံးများဖွင့်လှစ်ရေး၊ အထူး ဒေသများတွင်တာဝန်ထမ်းဆောင်ကြမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်အကူပြု နိုင်ငံ့ ဝန်ထမ်းများ ပြန်လည်စေလွှတ်ပေးရေးနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်ရေးစသဖြင့် ညှိနှိုင်းဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ယခုအခါမှာ “ဝ” အထူးဒေသ(၂)၊ မိုင်းလားအထူးဒေသ (၄) အဖွဲ့များနှင့် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးပဏာမ သဘောတူညီချက်များကိုလည်း လက်မှတ်ရေးရေးထိုးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေနဲ့ ထာဝရငြိမ်းချမ်းရေးဆိုသည်မှာ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက် နေထိုင်ရေးပင်ဖြစ်သည်ကို ပကတိအမှန်တရား အရခံယူရမှာပဲဖြစ်ပါတယ်။ တရားဥပဒေဘောင် အတွင်းသို့ ဝင်ရောက်မယ်ဆိုပါကလည်း လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်လိုအပ်သည်မှာ ရှောင်လွှဲ၍မရသော ဖြစ်စဉ်တစ်ရပ်ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုများအကြား လက်နက်ကိုင် ဖြေရှင်းမှုဖြင့် ငြိမ်းချမ်းရေးရရှိနိုင်မည်မဟုတ်သည်ကို လွတ်လပ်ရေးရရှိခဲ့ပြီးနောက် နှစ်ပေါင်း ၆၀ ကျော်ကာလက သက်သေပြခဲ့ပြီးဖြစ်တဲ့အပြင် မြန်မာနိုင်ငံတော်အနေနဲ့ အစားထိုးလို့မရရှိနိုင်ခဲ့တဲ့ ဆုံးရှုံးမှုများကို အတိတ်သင်ခန်းစာများအဖြစ်ခံစားခဲ့ရပြီး ကိုယ်တိုင်ကိုယ်ကျ တွေ့ရှိခဲ့ရပြီးဖြစ်ပါတယ်။ ဒီအမွေဆိုးတွေကို မိမိတို့ရဲ့အနာဂတ်မျိုးဆက်သစ်များကို ဆက်လက်လက်ဆင့်ကမ်းပေးခြင်းမဖြစ် သင့်သည်ကို ကြီးမားတဲ့သတိတရားနှင့်ရှုမြင်ဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်မယ်ဆိုပါက တိုင်းရင်းသားညီအစ်ကိုများရဲ့ လုံခြုံရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်အစိုးရအနေနဲ့ အပြည့်အဝတာဝန်ယူဆောင်ရွက်ပေးရမှာလည်း မလွှဲဧကန်ပဲ ဖြစ်ပါတယ်။

ဒီကနေ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးက မည်သည့်အတွက် လက်နက်ကို ဆက်လက်စွဲကိုင်နေရတယ်ဆိုတဲ့ ပြဿနာရဲ့အဓိကအကြောင်းအရင်းဟာ ငြိမ်းချမ်းရေးအပေါ်မှာ သံသယရှိခြင်းနဲ့ တစ်ဦးပေါ်တစ်ဦး မယုံကြည်ခြင်းတို့ကြောင့်ဖြစ်တယ်ဆိုတာကို ကျွန်တော်တို့ သုံးသပ်နိုင်မှာဖြစ်ပါတယ်။ ဒီအချက်တွေကို နှစ်ဦးနှစ်ဖက်ယုံကြည်မှု တည်ဆောက်ခြင်းဖြင့်သာ ဖြေရှင်းနိုင်မှာလည်းဖြစ်ပါတယ်။ ယုံကြည်မှုကိုတည်ဆောက်ရာမှာ ယုံကြည်မှုကိုဖောက်ဖျက်တဲ့ လုပ်ရပ်များကို နှစ်ဦးနှစ်ဖက်စလုံးက မလုပ်ဆောင်မိဖို့လည်း အထူးဂရုစိုက်ထိန်းသိမ်းဖို့ လိုအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအနေနဲ့ တိုင်းရင်းသားညီအစ်ကိုများနဲ့ ငြိမ်းချမ်းရေးတည်ဆောက်ရာမှာ တိုင်းရင်းသားညီအစ်ကိုများအပေါ်မှာ ညီညွတ်မျှတစွာထိတွေ့ဆက်ဆံပြီး ချစ်ခင်ညှာတာစာနာတဲ့ စိတ်သဘောထားများနဲ့ဒေသအတွက် လိုအပ်တဲ့ထောက်ပံ့မှုများ၊ ဖွံ့ဖြိုးရေးအစီအစဉ်များကို လုပ်ဆောင်ပေးမှသာ ဖြစ်မြောက်အောင်မြင်မယ်လို့လည်း လေးနက်စွာ ယုံကြည်ထားတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ဝန်ကြီးဌာနတစ်ခုတည်းကမဟုတ်ဘဲ ဝန်ကြီးဌာနအားလုံးပါဝင်ဖွဲ့စည်းထားတဲ့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများရဲ့ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီဖြင့်သာ ဆောင်ရွက်မှအောင်မြင်မယ်ဆိုတာလည်း ကျွန်တော်တို့ တွေ့ရှိရတာဖြစ်ပါတယ်။ ဒီ့အပြင် ပြည်ထောင်စုအစိုးရအဖွဲ့တစ်ခုတည်းမှ ဆောင်ရွက်ခြင်းဖြင့် လုံလောက်တဲ့အင်အားကို ရရှိမှာမဟုတ်ဘဲ ကုလသမဂ္ဂအဖွဲ့အစည်းအသီးသီး၊ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းအသီးသီး၊ မိမိနိုင်ငံအပေါ် စာနာထောက်ထားပြီးတော့ အကူအညီပေးလိုတဲ့ မိတ်ဆွေနိုင်ငံအသီးသီးတို့ရဲ့ ကူညီထောက်ပံ့မှုနှင့် စွမ်းအားကိုပါရယူပြီးတော့ ကျွန်တော်တို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ပေးနေတာလည်း ဒီကနေ့ ပကတိဖြစ်ရပ်များပဲ ဖြစ်ပါတယ်။ ပြည်သူများကိုယ်တိုင်ကလည်း ငြိမ်းချမ်းရေးအတွက် နိုင်ငံတော်အစိုးရကို အားကိုးအားထားပြုပြီးတော့ တင်ပြတောင်းဆိုသကဲ့သို့ တစ်ဖက်မှာလည်း တိုင်းရင်းသားလက်နက်အဖွဲ့အစည်းများကိုလည်း ပြည်သူအများစုရဲ့ ငြိမ်းချမ်းရေးလိုလားချက်ဆန္ဒအမှန်များကို ဖော်ထုတ်ပြသပြီး ငြိမ်းချမ်းရေးစားပွဲဝိုင်းဆီသို့ ရောက်ရှိလာအောင် ဝိုင်းဝန်းဆွဲဆောင်၍ တွန်းအားပေးဆောင်ရွက်သွားရန်လိုအပ်ကြောင်းလည်း တင်ပြလိုပါတယ်။ ငြိမ်းချမ်းရေးရရှိမှသာ နယ်မြေဒေသတည်ငြိမ်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ဒေသအတွင်း တည်ငြိမ်ငြိမ်းချမ်းပြီး တရားဥပဒေစိုးမိုးမှုမရှိသရွေ့ အစိုးရကဖော်ဆောင်ပေးလျက်ရှိတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများဟာလည်း အကျိုးမရှိဆုံးရှုံးမှုများကိုသာ ဖြစ်ပေါ်စေမှာဖြစ်ပါတယ်။

သို့ဖြစ်၍ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောသိန်းအောင်ရဲ့ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့မှာ ဖြစ်ပွားနေတဲ့တိုက်ပွဲများအပေါ် အနာဂတ်နယ်စပ်ဒေသ တည်ငြိမ်ဖွံ့ဖြိုးရေးအတွက် မည်သို့စီမံဆောင်ရွက်မယ်ဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး အထက်မှာ ကျွန်တော်တို့ ဆွေးနွေးပြီးဖြစ်တဲ့ နှစ်ဦးနှစ်ဖက်ယုံကြည်မှုတည်ဆောက်ခြင်း၊ ငြိမ်ချမ်းရေးဆွေးနွေးခြင်း၊ လက်နက်ကိုင်တိုက်ခိုက်တဲ့လမ်းစဉ်ကို စွန့်လွှတ်ခြင်း၊ တရားဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ပိုင်း၊ နိုင်ငံတကာပိုင်းကနေ ဝိုင်းဝန်းဆောင်ရွက်ပေးသည့်သာမက သက်ဆိုင်ရာဒေသများကလည်း မိမိတို့ကိုယ်တိုင် ကိုယ်ထူကိုယ်ထစိတ်ဓာတ်ဖြင့် မိမိတို့နိုင်ရာအပိုင်းမှ မျှတစွာပါဝင်ထမ်းရွက် ဆောင်ရွက်လုပ်ဆောင်သွားကြဖို့လိုအပ်တာ ဖြစ်ပါတယ်။ ဒီနယ်မြေဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနေနဲ့ အဓိက ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးကို ကောင်းအောင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီကနေတစ်ဆင့် တယ်လီဖုန်းဆက်သွယ်ရေး၊ သတင်းပြန်ကြားရေးတို့ကို တိုးတက်ကောင်းမွန်စေပြီး ဒေသရဲ့စီးပွားကူးသန်းမှုအခြေအနေများကို တိုးတက်စေခြင်းဖြင့် တစ်ပြိုင်တည်းမှာပဲ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးစတဲ့ အခြေခံအဆောက်အဦများ တည်ဆောက်ပြီးတော့ ကုန်ထုတ်လုပ်ငန်းများ၊ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၊ သဘာဝသယံဇာတကို စနစ်တကျထုတ်ယူတဲ့သုံးစွဲတဲ့လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုဆိုတဲ့ Sustainable Development ဖြစ်အောင် ကျွန်တော်တို့ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံဥပဒေအခန်း(၈) နိုင်ငံသားနဲ့နိုင်ငံသားများရဲ့မူလအခွင့်အရေးနဲ့တာဝန်များ ပုဒ်မ ၃၈၅၊ ပုဒ်မ ၃၈၇၊ ပုဒ်မ ၃၈၈ တို့မှာပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်များဖြစ်တဲ့ ပြည်ထောင်စုသမ္မတနိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်းစည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းရေးတို့အတွက် ကျွန်တော်တို့ နိုင်ငံသားအားလုံးမှာတာဝန်ရှိပါတယ်ဆိုတာကို အလေးအနက်ခံယူရန်လိုအပ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ဦးစောသိန်းအောင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်ရဲ့ မေးမြန်းချက်ဟာ အင်မတန်မှ အချိန်ကာလနှင့် အခြေအနေအရ အင်မတန်မှ သင့်မြတ်တဲ့မေးခွန်းဖြစ်ပါတယ်။ တကယ်တမ်းကျတော့ ဦးသိန်းအောင်တင် မဟုတ်ပါဘူး။ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဟာ တိုင်းရင်းသားပြည်သူများ

အားလုံးလိုလားတဲ့ကိစ္စဖြစ်သလို ဒီနေ့နိုင်ငံတော်အစိုးရအနေနဲ့ကော၊ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အနေနဲ့ကော ဒီကိစ္စကို အလေးအနက်ထားစဉ်းစားပြီးတော့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်ကြိုးပမ်းတဲ့ အနေအထားဖြစ်ပါတယ်။ နေရာတစ်နေရာ မှာ တည်ငြိမ်အေးချမ်းမှုမရှိဘူးဆိုရင် အဲဒီနေရာမှာရှိကြတဲ့ တိုင်းရင်းသားများ၊ ပြည်သူပြည်သားများ များစွာဒုက္ခရောက်ခဲ့တယ်၊ ရောက်နေတယ်ဆိုတဲ့ဟာလည်းအသိပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့လွှတ်တော်အနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဖွဲ့စည်းပြီးတဲ့အခါမှာ လွှတ်တော်ပိုင်းအနေနဲ့လည်း ဒီလိုဆောင်ရွက်တာရှိပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း မိမိဒေသတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် မိမိတို့မှာ ရှိတဲ့စွမ်းရည်များ၊ ပြည်သူများအားရယူပြီးတဲ့အခါမှာ ကိုယ့်ဒေသမှာရှိတဲ့ ညီအစ်ကိုတိုင်းရင်းသား လက်နက်ကိုင်များနားရောက်အောင်၊ နားပေါက်အောင်ပြောပေးတဲ့ အခါမှာ လွှတ်တော်ကိုယ်စားလှယ် များမှတစ်ဆင့် လိုအပ်ချက်၊ တင်ပြချက်များရှိတယ်ဆိုလို့ရှိရင်လည်း လွှတ်တော်ကိုသော်လည်းကောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကိုသော်လည်းကောင်း အကြံပြုမေးမြန်း၊ ဆွေးနွေးတင်ပြနိုင် ကြောင်းလည်း ဒီမှာတစ်ပါတည်း ကြေညာလိုပါတယ်။ အခုလို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဒီနေ့နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုကိစ္စများကို ရှင်းလင်းတင်ပြ သွားတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒီရှင်းလင်းတင်ပြချက်အပေါ်မှာ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့လည်း မိမိနယ်မြေဒေသရောက်လို့ရှိရင်လည်း အခြေအနေမှန်များကို ရှင်းလင်းတင်ပြပေးရန်လိုပါကြောင်း ကျွန်တော့်အနေနဲ့ တိုက်တွန်းပြောကြားလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအေးမောက်၊ မလှိုင်မဲဆန္ဒနယ်ရဲ့မေးမြန်းရန်ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ တက်ရောက်လာကြပါသောဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး များခင်ဗျား။ ကျွန်တော်ကတော့ မလှိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမှာကတော့ ယနေ့ သက်တမ်းလွန်မော်တော်ယာဉ်များမှ အင်ဂျင်ဂီယာများကို ပြန်လည်အသုံးချ၍ရနိုင်မှု ရှိ၊ မရှိကိစ္စနဲ့ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ယနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှာ မီးရထားဝန်ကြီးဌာနရဲ့ စီစဉ်ဆောင်ရွက် ပေးမှုကြောင့် သက်တမ်းလွန်မော်တော်ယာဉ် နှစ် ၃၀၊ ၄၀ စသည့်ယာဉ်ဟောင်းများကို သုံးစွဲရန် မသင့်တော်သဖြင့် သံရည်ကျိုရန် မော်တော်ယာဉ်အပ်နှံခြင်းအား လက်ခံဆောင်ရွက်လျက်ရှိပါတယ်။ ခန့်မှန်းတွက်ချက်မှုအရ ယာဉ်အဟောင်းမျိုးစုံ ၅၀၀၀၀ ခန့်ရှိမည်ဟုခန့်မှန်းထားရှိပါတယ်။ အဆိုပါ

ယာဉ်များမှာနှစ်ပေါင်း ၃၀ မှ ၄၀ ခန့်ကြာသော်လည်းပဲ ယနေ့အထိမောင်းနှင်နိုင်ခြင်းမှာ ပြုပြင်အစားထိုးဆောင်ရွက်ထားတဲ့အတွက် အဆိုပါယာဉ်များဟာ မောင်းနှင်ပြီးတော့ အပ်နှံတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အဆိုပါမော်တော်ယာဉ်များကို ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ လက်ခံစစ်ဆေးပြီးတော့ သက်ဆိုင်ရာမော်တော်ယာဉ် လက်ခံသည့်ဌာနများသို့ မော်တော်ယာဉ်များအား မောင်းနှင်သွားလာပြီးတော့ အပ်နှံရတာဖြစ်ပါတယ်။ အများအားဖြင့် မော်တော်ယာဉ်များဟာ ကောင်းစွာမောင်းနှင်နိုင်ပြီးတော့ သင့်တင့်သောယာဉ်များဖြစ်သည်ကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အချို့လက်ခံရေးစခန်းများမှာဆိုရင် အပ်သည့်မော်တော်ယာဉ်များကို Running Condition အနေနဲ့လက်ခံပြီးတော့ တာယာမှအစကောင်းကောင်းမွန်မွန်ဖြစ်မှသာ လက်ခံတယ်လို့လည်း သိရပါတယ်။ သို့ပါ၍ အဆိုပါမော်တော်ယာဉ်များမှာပါရှိတဲ့ ပြန်လည်အသုံးပြုနိုင်တဲ့ မော်တော်ယာဉ်အင်ဂျင်များနဲ့ဂီယာပေါက်များကို အသုံးပြုပါက အသုံးပြုနိုင်တဲ့အခြေအနေမှာရှိတယ်လို့ သုံးသပ်လို့ရရှိပါတယ်။ ဒါ့ကြောင့် အပ်နှံတဲ့မော်တော်ယာဉ်များမှာပါတဲ့ အချို့ကားများရဲ့ အင်ဂျင်ဂီယာပေါက်များကို သံရည်ကျိုမည့်အစား အင်ဂျင်များ၊ ဂီယာပေါက်များကိုဖြုတ်သိမ်း၍ လေလံစနစ်ဖြင့်ရောင်းချခြင်း သို့မဟုတ် နိုင်ငံတော်၏ မြို့၊ ရွာ၊ ကျေးလက်စက်မှုလုပ်ငန်း လျှပ်စစ်မီးမရရှိသည့်ဒေသများမှာ Prime Mover အဖြစ်လည်းကောင်း၊ ကျေးလက်မီးလင်းရေးကိစ္စများမှာ အသုံးချနိုင်မည်ဆိုပါကလည်း ရနိုင်မည့်အခြေအနေမှာရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဤသို့ဆောင်ရွက်ပါက သင့်တော်သော နှုန်းထားများဖြင့်၊ ချိုသာသောနှုန်းထားများဖြင့် ရောင်းချပေးမည်ဆိုပါက ကျေးရွာများမှာ စျေးသက်သာပြီးတော့ ကျေးရွာတိုင်းမီးလင်းနိုင်မှာဖြစ်သလို နိုင်ငံတော်မှာလည်းပဲ တစ်ဘက်တစ်လမ်းမှ ဝင်ငွေရရှိလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ သားရွှေအိုးထမ်းလာတာကိုမြင်ရမှာဖြစ်ပါတယ်။ ၎င်းအပြင် အပ်ထားတဲ့ကားတွေမှာ အင်ဂျင်ဂီယာပေါက်အတွဲလိုက်ဖြုတ်ဖို့ အခက်အခဲရှိကောင်းရှိနိုင်သော်လည်းပဲ ကျော်လွှားလျှင်နည်းလမ်းရှိပါတယ်။ ရနိုင်မှာဖြစ်ပါတယ်။ ကား ၅၀၀၀၀ သောင်းနဲ့ ကားအစီးရေ ၅၀၀၀ မှ ၁၀၀၀၀ ကြားရရင်ကိုပဲ ကျွန်တော်တို့မဆိုးလှပါဘူး။ ဒါ့ကြောင့် နှမ်းတစ်လုံးကြောင့် ဆီမတိုးသော်လည်းပဲ နှမ်းလုံးများများလာရင်တော့ ဆီပြည့်လာမှာဖြစ်တဲ့အတွက် တစ်ဘက်တစ်လမ်းကနေပြီးတော့ တိုင်းပြည်ကို သွယ်ဝိုက်ပြီးတော့ အကျိုးရှိလာမှာဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော်မေးလိုတဲ့ မေးခွန်းဟာဆိုလို့ရှိရင် ယနေ့အပ်နှံလာတဲ့ မော်တော်ယာဉ်များမှ ပြန်လည်အသုံးချနိုင်တဲ့ အင်ဂျင်ဂီယာပေါက်များဟာ သံရည်ကျိုရာတွင် ထည့်သွင်းအသုံးမပြုပဲ ဖြုတ်သိမ်း၍ လေလံတင်ရောင်းချရန် အစီအစဉ် ရှိ၊ မရှိ။ ရောင်းချရန် အစီအစဉ်မရှိပါက သက်ဆိုင်ရာကျေးရွာများမှာ Prime Mover ခေါ် လည်ပတ်မှုအခြေခံအဖြစ် စက်မှုလုပ်ငန်းများတွင် အသုံးချနိုင်ရန်

သို့မဟုတ် ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန် မော်တော်ယာဉ်များမှဖြုတ်သိမ်းပြီး သင့်တော်မျှတနည်းပါးသည့်စျေးနှုန်းဖြင့် ပြန်လည်ရောင်းချဆောင်ရွက်ပေးနိုင်မှု အစီအစဉ် ရှိ၊ မရှိ ဖြေကြားပေးနိုင်ပါရန် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးသန့်ရှင်း(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ မလှိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင်၏ မေးခွန်းနဲ့ပတ်သက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးဦးသန့်ရှင်းမှဖြေကြားသွားမှာ ဖြစ်ပါတယ်။ စီမံချက်အရ အပ်နှံလာမည့် သက်တမ်းလွန်မော်တော်ယာဉ်များမှ အင်ဂျင်ဂီယာဘောက်များအား လေလံတင် ရောင်းချရန် အစီအစဉ်မရှိပါ။ ယာဉ်အို၊ ယာဉ်ဟောင်းများအား Running Condition ဖြင့်အပ် နှံစေခဲ့သော်လည်း အင်ဂျင်များမှာ ဟောင်းနွမ်းနေ၍ ပြန်လည်အသုံးပြုမည်ဆိုပါက ပြင်ဆင်ပြီးမှသာ အသုံးပြုနိုင်မည်ဖြစ်ပါတယ်။ အင်ဂျင်အဟောင်းများအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်း၊ မီးခိုးထွက်မှုများခြင်း Air Pollution ကိုထိခိုက်ခြင်း၊ ဆီစားနှုန်းများ၍ လောင်စာဆီအသုံးပြုမှုနှုန်းများ ခြင်းစသည့်ဆိုးကျိုးများ ရှိနိုင်ပါတယ်။ ယခုကာလတွင် ကားဟောင်းများအပ်နှံစေကာ ၎င်းမှပါမစ်ပေး ၍ လူတစ်ဦးချင်းစီမှ ကားတင်သွင်းခွင့်ရရှိလာပြီဖြစ်ပါတယ်။ မကြာမီတရားဝင် နိုင်ငံခြားငွေရရှိသူများ မှာ လည်း ကားတင်သွင်းခြင်းများရှိလာမည်ဖြစ်ပါတယ်။ ထို့နည်းတူ Used Car Sale Room Center များနှင့် Show Room များဖွင့်၍ မော်တော်ယာဉ်များစျေးနှုန်းသက်သာစွာဖြင့်ရောင်းချနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မော်တော်ယာဉ်များအား စျေးနှုန်းသက်သာစွာ ဝယ်ယူလာနိုင်သည် နှင့် အမျှပိုမိုကောင်းမွန်၍ ဆီစားနှုန်းသက်သာသော အင်ဂျင်များနှင့် ဆက်စပ်ပစ္စည်းများအား တင်သွင်းခွင့်ပြုမည်ဖြစ်ပါ၍ ကျေးရွာမီးလင်းရေးအတွက်လည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ၈-၉-၂၀၁၁ ရက်နေ့က ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားတဲ့ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေး ဥပဒေကြမ်းကို ၂၇-၁၀-၂၀၁၁ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသူများအနေနဲ့ အပိုဒ်၊ အပိုဒ်ခွဲအလိုက် အကြောင်းအရာ အတိအကျ ဖော်ပြ၍ ၁-၁၁-၂၀၁၁ ရက်(အင်္ဂါနေ့) ၁၆း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ ၃-၁၀-၂၀၁၁ ရက် နေ့က ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားတဲ့ ငြိမ်းချမ်းစွာစုဝေးခွင့်နဲ့ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဆိုင်ရာဥပဒေကြမ်းကို ၂၈-၁၁-၂၀၁၁ ရက်မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက် များဖြင့်ပြန်လည် ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၂ အရ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းလိုသူများအနေနဲ့အပိုဒ်၊ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲအလိုက် အကြောင်းအရာ အတိအကျဖော်ပြ၍ ၁-၁၁-၂၀၁၁ ရက်(အင်္ဂါနေ့) ၁၆း၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ ယခု တင်ပြသွားတဲ့ ဥပဒေကြမ်းများသည် မိမိတို့ပြည်သူ့လွှတ်တော်မှာဆွေးနွေးပြီး ဆွေးနွေးရရှိချက်များကို အမျိုးသား လွှတ်တော်သို့ပေးပို့ခဲ့တဲ့ ဥပဒေကြမ်းများဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကဆွေးနွေးပြီး ပြင်ဆင်ချက်အဆိုများဖြင့် မိမိတို့လွှတ်တော်သို့ ပြန်လည်ပေးပို့လာတဲ့ဥပဒေကြမ်းများဖြစ်ပါတယ်။ ဒီဥပဒေကြမ်းများကို ပြန်လည် ဆွေးနွေးနိုင်ဖို့ အချိန်ပေးတင်ပြထားမှုဟာ ရက်အင်မတန်တိုပါတယ်။ သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်များသိပြီးဖြစ်တဲ့အတိုင်း ဒီတစ်ပတ်မှာ ကျွန်တော်တို့လွှတ်တော်မှာ ဖြစ်နိုင်လို့ရှိရင် ဥပဒေကြမ်းများကိုပဲ ဆွေးနွေးဖို့လျာထားချက်ရှိကြောင်းလည်း ကျွန်တော် တင်ပြခဲ့ ပါတယ်။ သို့ရာတွင် တစ်ဘက်ကတင်ပြလာတဲ့ဥပဒေကြမ်းများဟာ ကျွန်တော်တို့ဆီ အချိန်နောက်ကျ ရောက်ပြီးမှ တင်ပြလာတဲ့အတွက် ဒီ ဥပဒေကြမ်းများကိုလည်း အခုချိန်မှာပဲ တင်ပြနိုင်တဲ့အနေအထား ရှိပါတယ်။ ဒါကို ကျွန်တော်တို့ အချိန်အတော်အတန် ယူမယ်ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ရဲ့ ဆွေးနွေးမှု၊ ဆောင်ရွက်မှုတွေဟာလည်း နောက်ကျသွားမှာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် များကို တင်ပြလိုတာကတော့ အခု ကျွန်တော် ဆွေးနွေးဖို့ပေးထားတဲ့ရက်က နည်းကောင်းနည်းမှာ ဖြစ်ပါတယ်။ သို့ရာတွင် ကျွန်တော့်ရဲ့တင်ပြချက်ကို နားလည်ပြီး ဒီရက်မှာပဲ ဆွေးနွေးလိုတဲ့သူများဟာ လွှတ်တော်ဒုတိယညွှန်ကြားရေးမှူးချုပ်ထံပေးပို့ဖို့ ကြေညာထားခြင်းဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၃။**

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။ ဒီ ပုံစံများကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနဲ့ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးများကတော့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ တောင်းဆိုချက်အရ ရယူပြီးတော့ တင်ပြထားပြီး ဖြစ်ပါတယ်ခင်ဗျား။ ကျန်ရှိသောကိုယ်စားလှယ်များအတွက်ပါ လိုအပ်တာဖြစ်တဲ့အတွက် ပုံစံများဖြန့်ဝေထားခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျန်ရှိသောကိုယ်စားလှယ်များအနေနဲ့ ဒီပုံစံများမှာလိုအပ်တဲ့ အချက်အလက်များဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ရုံးအနေနဲ့ဒီပုံစံများကို ကွန်ပျူတာစာစီပြီးတော့ ပြန်လည်ပြုစုမှာဖြစ်ပါတယ်။ ဒါကြောင့် မူကြမ်းဖြည့်စွက်ထားတဲ့ ကိုယ်ရေးမှတ်တမ်းပုံစံများကို ၂-၁၁-၂၀၁၁ ရက် ဗုဒ္ဓဟူးနေ့မှာ ကျွန်တော်တို့ ပြန်လည်စုစည်းပါ့မယ်။ ဗုဒ္ဓဟူးနေ့မှာ ပြန်လည်အပ်နှံပေးဖို့ ဖြစ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၂၅။**

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး ။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး ။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းကို လွှတ်တော်က ၂၈-၁၀-၂၀၁၁ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ဥပဒေကြမ်းမိတ္တူများကိုလည်း ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်း ကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းအပေါ် ဥပဒေကြမ်းကော်မတီ၏ တွေ့ရှိချက်အစီရင်ခံစာကို ကော်မတီကိုယ်စားပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇(ခ)အရ အစီရင်ခံတင်သွင်းသွားမှာ ဖြစ်ပါတယ် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီစာအမှတ်၊ ၃/ပသ(ကော်မတီ- ၁)၁/ ၂၀၁၁-၂၀၆။ ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်။ သို့

ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် အကြောင်းအရာ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်း စိစစ်တွေ့ရှိချက်ကို အစီရင်ခံတင်ပြခြင်း။ ရည်ညွှန်းချက်။ (၁)အမျိုးသားလွှတ်တော်၏ ၂၈-၁၀-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၁-၅၁ ရည်ညွှန်းချက် (၂) ပြည်သူ့လွှတ်တော်၏ ၂၉-၁၀-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၃/ပသ (ကော်မတီ-၁)၁/၂၀၁၁-၂၀၅

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ စတင် ဆွေးနွေးပြီး ၂၇-၁၀-၂၀၁၁ ရက်နေ့တွင် ပြင်ဆင်ချက်များနှင့်အတူ အတည်ပြုကာ ရည်ညွှန်းချက်(၁)ပါစာဖြင့် ပြည်သူ့လွှတ်တော်၌ ဆွေးနွေးရန်နှင့် ရည်ညွှန်း(၂)ပါစာဖြင့် ဥပဒေကြမ်းကော်မတီသို့ စိစစ်ရန် ပေးပို့လာခြင်းဖြစ်ပါသည်။

၂။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေကြမ်း၌ အခန်း ၁၄ ခန်း၊ ပုဒ်မပေါင်း ၄၄ ခု ပါရှိပါသည်။ အဆိုပါဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီမှ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ နှင့် အညီစိစစ်ခဲ့ရာ အောက်ပါအတိုင်းတွေ့ရှိရပါသည်-

(က) အခန်း ၁၊ ပုဒ်မ ၂(စ)အား မူရင်းပြဋ္ဌာန်းချက်အတိုင်း ထားရှိရန်စိစစ်တွေ့ရှိရပါသည်။ မူရင်းအသံညစ်ညမ်းမှုကို ခွဲခြမ်းစိပ်ဖြာမှုပြုပါက မလိုလားအပ်သော ရှုတ်ထွေးမှုများ ပေါ်ပေါက်လာနိုင်စေကြောင်း စိစစ်တွေ့ရှိရပါသည်။

(ခ) အခန်း ၃၊ ပုဒ်မ ၄(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၌ ထည့်သွင်းသင့်သော သတ္တုတွင်းဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးတစ်ဦးစီအား ပုဒ်မ ၄(က) ၁၇ တွင်လည်းကောင်း၊ ၄(က) (၁၈)တွင်လည်းကောင်း ဖြည့်စွက်ရန် စိစစ်တွေ့ရှိရပါသည်။

(ဂ) အခန်း ၄၊ ပုဒ်မ ၉(ဏ)အား မူရင်းပြဋ္ဌာန်းချက်အတိုင်း ထားရှိသင့်ပါသည်။ မူလပြဋ္ဌာန်းချက်တွင် စွန့်ပစ်ရေသန့်စင်မှုအတွက် ဖြစ်သည်။ စက်၊ ယာဉ်၊ ယန္တရားများ ပါဝင်လာပါက ပိုမိုရှုပ်ထွေးစေသည်ဟု ယူဆသဖြင့် ဖြည့်စွက်ရန် မသင့်လျော်ပါ။

(ဃ) အခန်း ၁၃၊ ပုဒ်မ ၄၂ အား "ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်" ဟု ပြင်ဆင်ရန် စိစစ်တွေ့ရှိရပါသည်။

၃။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး မူလဥပဒေကြမ်း၏ ပုဒ်မ ၂ (င) (ဆ) (ဈ) (ည) (ဎ) (တ)၊ ပုဒ်မ ၃ (ဃ)၊ ပုဒ်မ ၆ (ဂ)၊ ပုဒ်မ ၉ (စ)(ဖ)(ဗ)၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၈ တို့ အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များ အတိုင်း သဘောတူကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီမှ စိစစ်ရာတွင် အခြေခံရမည့်အခြေခံမူ ၁၂ ချက်ဖြင့် စိစစ်ခဲ့ရာဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးစီးပွားများကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း၊ နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှုရှိခြင်းတို့ကြောင့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အား ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ နှင့်အညီ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။( သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီကဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် မိမိထံကိစ္စတစ်ရပ်တင်ပြထားတာရှိပါတယ်။ ဒီကိစ္စကတော့ ပြီးခဲ့တဲ့ ၂၈-၁၀-၂၀၁၁ ရက်နေ့ ပြည်ထောင်စုလွှတ်တော်မှာ ကျင်းပခဲ့တဲ့ Agenda အစီအစဉ် ၁၃ ကိစ္စနဲ့ပတ်သတ်ပြီးတော့ တင်ပြထားတာရှိပါတယ်။ ဒီကိစ္စကို သက်ဆိုင်ရာနဲ့ညှိနှိုင်းဆောင်ရွက်ပြီး လိုအပ်တာများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီနေ့တော့ ကျွန်တော့်ဆီ တင်ပြထားတဲ့စာနဲ့ပတ်သတ်ပြီးတော့ ဒီစာလက်ခံရရှိကြောင်း မှတ်တမ်းတင်ထားရှိပါမယ်။ ကျန်တဲ့ လုပ်ငန်းကိစ္စများကိုတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့သူများ ညှိနိုင်းဆောင်ရွက်ချက်ပေါ်မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်မှာဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးတင်ပြထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကြမ်းနှင့် စပ်လျဥ်းပြီး ပြင်ဆင်ချက်တင်သွင်းဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များရှိပါက ၂-၁၁-၂၀၁၁ ရက်နေ့(ဗုဒ္ဓဟူးနေ့) ၁၆း၀၀ နာရီ နောက်ဆုံးထားပြီး လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်(အင်္ဂါနေ့) ၁၃၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ မနက်ဖြန် အစည်းအဝေး ကျင်းပချိန် နေ့လည် ၁ နာရီ ၁၃း၀၀ နာရီဖြစ်ပါတယ်။ နေ့လည်စာကိုတော့ ဒီလွှတ်တော်မှာပဲ ယနေ့ကဲ့သို့ စီစဥ်ထားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး** ။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၄၃ ရက်မြောက်နေ့ကို ၁၅း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]